# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 1 , 2022 Volume 52, Number 1


**၁.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၂၉၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၉၅.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၃.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၈၇.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၉၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၆၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၀၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၃၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၆၁၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်တွင် ပန်းပုရုပ်တုများ အရောင်းသွက်လျက်ရှိ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်တွင် ယခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတို့တွင် သယ်ယူရလွယ်ကူသည့် ပန်းပုရုပ်တုများ အရောင်းသွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအနုပညာလက်ရာ အမှတ်တရပစ္စည်းအရောင်းဆိုင်မှ မန်နေဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ ပန်းပုရုပ်တုများကို သီးသန့်ရောင်းချရခြင်းမရှိဘဲ အခြားအမှတ်တရပစ္စည်းများနှင့် တွဲစပ်ကာရောင်းချရခြင်းဖြစ်ပြီး ယခုနှစ် နှစ်ဆန်းတွင် အခြားအမှတ်တရလက်ဆောင်ပစ္စည်းများထက် ပိုမို၍သိသိသာသာ အရောင်းမြင့်တက်လာခြင်းဖြစ်ကြောင်း၊ ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလအတွင်း ကိုးလက်မမှ လက်မ၂၀ အရွယ်အစားရုပ်တုမျိုးစုံ အခု ၁၀၀ ခန့်ရောင်းချခဲ့ရပြီး ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၃၀၀ ခန့်ဖြစ်ကြောင်းသိရသည်။

"ရန်ကုန် အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်ကတော့ ပြီးခဲ့တဲ့နှစ်အောက်တိုဘာလကုန် လောက်ကစပြီး အရောင်းအဝယ်ပြန်လှုပ်လာတယ်။ ဒီနှစ်ဇန်နဝါရီနဲ့ဖေဖော်ဝါရီလမှာတော့ အရောင်းသွက်တဲ့ အပိုင်းကိုရောက်လာတယ်။ အဓိကရောင်းရတာကတော့ သယ်ဆောင်ရလွယ်ကူတဲ့ ပန်းပုရုပ်တုအသေးလေးတွေပါ။ အဲဒါလေးတွေကတော့ လက်ဆောင်ပေးတဲ့အနေနဲ့ကော၊ အမှတ်တရဝယ်သိမ်းတဲ့အနေနဲ့ကော ဝယ်လာကြတယ်။ အရွယ် အစားအနေနဲ့ဆိုရင် ကိုးလက်မကနေ လက်မ ၂၀ အတွင်း ရုပ်တုတွေအဝယ်လိုက်ပါတယ်။ အများဆုံးဝယ်ယူကြတဲ့ ရုပ်တုပုံစံကတော့ တရုတ် ရိုးရာပုံစံအတိုင်း ထုလုပ်ထားတဲ့ ရွှေမြင်း၊ ရွှေငါး၊ နဂါး၊ မြန်မာ့ရိုးရာပုံစံထုလုပ်ထားတဲ့ ဆင်၊ မြင်း၊ နန်းတွင်းသူ၊ ပုဂံသူစတဲ့ ရုပ်တုတွေဖြစ်ပါတယ်။ ဈေးနှုန်းကတော့ အနည်းဆုံး ငွေကျပ်ရှစ်သောင်းကနေ အများဆုံးငွေကျပ် ခုနှစ်သိန်းထိရှိပါတယ်" ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဘဏ္ဍာနှစ် ခြောက်လတာကာလ ဖေဖော်ဝါရီ ၁၈ ရက်ထိ မြေထောက်ပဲ ပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉၈ သန်းရရှိ



Source: ရတနာပုံသတင်းစာ

ယခုဘဏ္ဍာနှစ် ခြောက်လတာကာလ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ဖေဖော်ဝါရီ ၁၈ ရက်ထိ မြေထောက်ပဲပြည်ပတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉၈ သန်းရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသတင်းများအရသိရသည်။

မြန်မာနိုင်ငံမှ ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ ပဲအမျိုးအစား ၂၀ ကျော်တင်ပို့ရောင်းချပေးလျက်ရှိရာ မြေထောက်ပဲသည် ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ အပတ်စဉ်၊ လစဉ်တင်ပို့ရောင်းချပေးနေရသည့် ပဲအမျိုးအစားဖြစ်ပြီး စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ ယခု ဘဏ္ဍာနှစ်ခြောက်လတာကာလ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ယခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်ထိ မြေထောက်ပဲတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉၉၈ သန်း နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း မြေထောက်ပဲများကို ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၇၉ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ပြီး နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၉ သန်းဖိုး တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲမှာ ဈေးကွက်စတင်ဖွင့်လှစ်ချိန်တွင် ဝင်ရောက်မှုများပြားလျက်ရှိသော်လည်း ခြောက်သွေ့မှုအခြေအနေနှင့် ပဲ၏အရည်အသွေးအလိုက် အရောင်းအဝယ်ဖြစ်နေခဲ့ကြောင်း၊ အရည်အသွေးကောင်းမွန်သည့် ခြောက်သွေ့သော မြေထောက်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၅၀၀၀၀ ထိ ပေါက်ဈေးရရှိခဲ့ကြောင်း၊ အစိုဓာတ်ပါသော မြေထောက်ပဲမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ မှ ၁၄၀၀၀၀ ထိ ဈေးရရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

**Source:** ရတနာပုံသတင်းစာ

## တစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ ပြည်ပသို့ ဒေါ်လာခြောက်သန်းကျော်ရှိ ဆန်တန်ချိန် ၁၉၂၅၀ ကျော်တင်ပို့ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၇၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်

တစ်ပတ်အတွင်း ပင်လယ်ရေကြောင်းမှ ပြည်ပသို့ ဒေါ်လာခြောက်သန်းကျော်ရှိ ဆန်တန်ချိန် ၁၉၂၅၀ ကျော်တင်ပို့ခဲ့ရာ ဖိလစ်ပိုင်နိုင်ငံသို့ တန်ချိန် ၁၇၀၀၀ ကျော်ဖြင့် အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၄ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းမှ ဒေါ်လာ ၆ ဒသမ ၄၄၂ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၁၉၂၅၀ ခန့်တင်ပို့ခဲ့ရာ အာရှနိုင်ငံများသို့ ဆန်တန်ချိန် ၁၈၅၀၀ ကျော်နှင့် အီးယူအဖွဲ့ဝင်နိုင်ငံများသို့ ဆန်တန်ချိန် ၇၄၀ ခန့်တင်ပို့ခဲ့ကြောင်း သိရသည်။

ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၁၁၆၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၁၇၀၄၀ ခန့်၊ သီရိလင်္ကာနိုင်ငံသို့ ဆန်တန်ချိန် ၂၅၀ ခန့်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၁၀ ကျော်နှင့် ဂျာမနီနိုင်ငံသို့ ဆန်တန်ချိန် ၂၂၀ ကျော် တင်ပို့နိုင်ခဲ့သည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတန်ချိန် ၄၀၀၀ ကျော်ပိုမိုတင်ပို့ခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာတစ်သန်းကျော်ပိုမိုရရှိခဲ့ကြောင်း သိရသည်။ အဆိုပါကာလအတွင်း ပင်လယ်ရေကြောင်းမှ တရုတ်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၄၀၅၀ ခန့်၊ စင်ကာပူနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၅၀ ခန့်နှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၁၅၂၀ ကျော် စုစုပေါင်းတန်ချိန် ၃၅၆၂၀ ကျော်၊ တန်ဖိုးဒေါ်လာ ၁၀ ဒသမ ၈၁၆ သန်းခန့်ရရှိကြောင်းသိရသည်။ ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်ပါက ဆန်ကွဲတင်ပို့မှု တန်ချိန် ၁၉၀၀၀ ကျော်ပိုမိုပြီး တန်ဖိုးအားဖြင့် ဒေါ်လာငါးသန်းကျော်ပိုမိုရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီတတိယပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ပြည်ပသို့ ဒေါ်လာ ၁၄ ဒသမ ၆၈၉ သန်းတန်ဖိုးရှိ ဆန်တန်ချိန် ၄၇၅၀၀ ကျော်တင်ပို့ခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနမှသိရသည်။

ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၆၁၀၀ ကျော်၊ ဖိလစ်ပိုင်နိုင်ငံသို့ ဆန်တန်ချိန် ၃၈၈၀ ခန့်၊ ရိုမေးနီးယားနိုင်ငံသို့ ဆန်တန်ချိန် ၆၀၀၀ ခန့်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၅၅၀၀ ခန့်၊ ဘာကီနာဖာဆိုနိုင်ငံသို့ ဆန်တန်ချိန် ၁၀၀၀၀ ခန့်နှင့် မာလီနိုင်ငံသို့ ဆန်တန်ချိန် ၅၀၀၀ ခန့် တင်ပို့နိုင်ခဲ့သည်။

ယခင်တစ်ပတ် တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတန်ချိန် ၂၅၀၀၀ခန့် လျော့နည်းခဲ့ပြီး တန်ဖိုးအားဖြင့် ဒေါ်လာ ၁၀ သန်းကျော်လျော့နည်းခဲ့သည်။ ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၆၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၈၆၀၀ ခန့်နှင့် အီတလီနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၃၀၀ ခန့် စုစုပေါင်းတန်ချိန် ၃၀၅၂၀ ကျော်၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၈ ဒသမ ၉၇ သန်းခန့်ရရှိကြောင်းသိရသည်။

ယခုတစ်ပတ် ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှ ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်း တန်ချိန် ၈၀၀၀၀ ကျော်တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်လျှင် တန်ချိန် ၁၄၀၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့လည်း တင်ပို့နေခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်မှုနှစ်ခုစလုံးမှ တင်ပို့လျက်ရှိသည်။ မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်သည်။

ပြီးခဲ့သည့်၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဆန်ကွဲတင်ပို့မှုမြင့်တက်ခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၈၄ သန်းကျော် ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့မှုကို ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် တန်ချိန်မြင့်တက်မှုအပြင် ဝင်ငွေပိုမိုမြင့်တက်လာစေရန် အရည်အသွေးကောင်းမွန်သည့် တန်းမြင့်ဆန်များ အမျိုးအစားများ ပိုမိုတင်ပို့နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

**Source:** https://news-eleven.com/article/226589

## နှစ်ပေါင်း ၃၀ ကျော်အတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၉၃ ဘီလျံကျော် ဝင်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံက ဒေါ်လာ၂၄ ဘီလျံကျော်ဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ဒေါ်လာ ၂၁ ဘီလျံကျော်ဖြင့် ဒုတိယအများဆုံးဖြစ်

နှစ်ပေါင်း ၃၀ ကျော်အတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၉၃ ဘီလျံကျော် ဝင်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံက ဒေါ်လာ ၂၄ ဘီလျံကျော်ဖြင့် အများဆုံးဖြစ်ပြီး တရုတ်နိုင်ငံက ဒေါ်လာ ၂၁ ဘီလျံကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၁-၂၀၂၂ (Mini Budget) လေးလအတွင်း မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၅၀၇ သန်းနီးပါး ဝင်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံက ဒေါ်လာ ၂၇၅ သန်းကျော်ဖြင့် အများဆုံးမြှုပ်နှံထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။

၂၀၂၁-၂၀၂၂ (Mini Budget) လေးလအတွင်း နိုင်ငံအလိုက် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုအနေဖြင့် စင်ကာပူနိုင်ငံက ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၂၇၅ ဒသမ ၇၀၁ သန်း၊ တရုတ်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁၀၉ ဒသမ ၆၀၄ သန်း၊ တိုင်ပေက ဒေါ်လာ ၃ ဒသမ ၂၀၈ သန်း၊ ပြင်သစ်နိုင်ငံက ဒေါ်လာ ၀ ဒသမ ၄၉၇ သန်း၊ ဟောင်ကောင်က ဒေါ်လာ ၅၅ ဒသမ ၀၈၈ သန်း၊ အိန္ဒိယက ဒေါ်လာ ၀ ဒသမ ၅၅၀ သန်း၊ ဂျပန်နိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၁ ဒသမ ၃၁၀ သန်း၊ မလေးရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၀ ဒသမ ၃၁၂ သန်း၊ R.O.K က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ ၄၄ ဒသမ ၇၁၀ သန်း၊ Samoa က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာနှစ်သန်း၊ Seychelles က ဒေါ်လာ ၁ ဒသမ ၃၄၃ သန်း၊ ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာခုနစ်

သန်း၊ နယ်သာလန်က ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ဒေါ်လာ လေးသန်း၊ နီပေါနိုင်ငံက ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၅၀၆ ဒသမ ၈၂၃ သန်းဝင်ရောက်ထားကြောင်း ထုတ်ပြန်ထားသည်။

လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှု လုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားရစ်မျိုးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို အဆိုပြုလွှာ တင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြကြရန် ဖိတ်ခေါ် ထားသည်။

ယင်းလုပ်ငန်းများမှာ (က)ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ)ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ (ဂ)သံမဏိ ထုတ်လုပ်ခြင်းလုပ်ငန်းများ (ဃ)စိုက်ပျိုးရေး လုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့် ဆက်စပ်သည့်လုပ်ငန်းများ (င) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ)လျှပ်စစ်ယာဉ်များ ထုတ်လုပ်သည့်လုပ်ငန်းများ (ဆ)ဆေးဝါး နှင့် ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ (ဇ)အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်သွားမည်ဟု သိရသည်။

အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ အမှတ်-၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး၊ ဖုန်း၀၁-၆၅၈၁၃၂၊ ၀၉၂၀၁၃၈၅၂ email:dica@mptmail.net.mm နှင့် dica.ip.mm@gmail.com တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်သည်။

**Source:** https://news-eleven.com/article/226590

## လုပ်ငန်းစုကြီး Salim ဈေးကစားရန် စားအုန်းဆီလှောင်သည်ဟု စွပ်စွဲခံရ

ကမ္ဘာ့စားအုန်းဆီ အများဆုံးထုတ်လုပ်သည့် အင်ဒိုနီးရှားနိုင်ငံတွင် စားအုန်းဆီ အကျပ်အတည်းဖြစ်ပေါ်နေစဉ် အစိုးရက ဈေးကစားရန် ဆီလှောင်သူများကို လိုက်လံရှာဖွေကာ အရေးယူနေသည်။ ဈေးကြီးအောင် ထုတ်မရောင်းဘဲ လှောင်ထားသည့် ကုမ္ပဏီများကို ဖော်ထုတ်အရေးယူလျက် ရှိရာ၌ လုပ်ငန်းစုကြီး Salim Group ကိုလည်း ဆီလှောင်ထားသည်ဟု စွပ်စွဲခဲ့သည်။

Salim Invomas Pratama သည် Salim Group လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်ပြီး အသင့်ချက်စား ခေါက်ဆွဲ ခြောက်ထုပ်များထုတ်လုပ်ရာတွင် ကမ္ဘာ့အကြီးမားဆုံး ခေါက်ဆွဲခြောက်ထုပ် လုပ်ငန်းများထဲတွင် အပါအဝင်ဖြစ်သည်။ စီမံချက်အဖွဲ့က Salim Invomas Pratama ၏ သိုလှောင်ရုံများအတွင်း စားအုန်းဆီတန်ချိန် ၁,၁၀၀ တွေ့ရှိခဲ့သဖြင့် ဈေးကစား ရန် ကုန်လှောင်သည့်အမှုဖြင့် အမှုဖွင့်ထားသည်။ အကယ်၍ ပြစ်မှုထင်ရှားသဖြင့် အပြစ်ပေးခံရလျှင် ထောင် ၅ နှစ် ဖြစ်စေ၊ ဒဏ်ငွေ ရူပီယာ ၅၀ ဘီလျံ (အမေရိကန်ဒေါ်လာ ၃.၅ သန်း) ဖြစ်စေ စီရင်ချက်ချခံရမည်ဖြစ်သည်။

Salim Invomas Pratama က စွပ်စွဲချက်ကို ငြင်းဆိုထားသည်။ ဆီများသိုလှောင်ထားသည်မှာ လာမည့်ရက်ပိုင်းအတွင်း ပေးပို့နိုင်ရန် အသင့်ထားရှိခြင်းသာဖြစ်သည်။ အဆိုပါ စားအုန်းဆီများကို ခေါက်ဆွဲခြောက်ထုပ်များ ထုတ်လုပ်ရာတွင် အဓိကအားဖြင့် အသုံးပြုသည်။ Salim Group လက်အောက်ခံ စားသောက်ကုန်လုပ်ငန်းများဖြစ်ကြသည့် Indofood Sukses Makmur နှင့် Indofood CBP Sukses Makmur တို့ထံ ပေးပို့ရန်ရှိသည့် ဆီများသာ ဖြစ်ကြောင်း ရှင်းပြသည်။ "Indofood ရဲ့ အသင့်ပြုတ်စား ခေါက်ဆွဲခြောက်ထုပ် စက်ရုံတွေထံ ပေးပို့မည့် ဆီများ ဖြစ်ပြီး စက်ရုံများသည် တစ်လလျှင်

စားအုန်းဆီတန်ချိန် ၂,၅၀၀ လိုအပ်သည်" ဟု ကုမ္ပဏီက ထုတ်ပြန်ကြေညာသည်။ "ကုမ္ပဏီ၏ ဟင်းချက်ဆီ အမှတ်တံဆိပ်များဖြင့် အထုပ်အရွယ်အစားအမျိုးမျိုး ထုပ်ပိုးပြီး ရောင်းချခြင်းကိုလည်း လုပ်ကိုင်လျက်ရှိသည်" ဟု ကုမ္ပဏီကပြောကြားသည်။

**စားအုန်းဆီ အသုံးများသဖြင့် ဈေးတက်**

နိုင်ငံတကာ စားအုန်းဆီဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းများ အဆမတန်မြင့်မားနေခဲ့သည်မှာ ၂၀၂၀ နှစ်ကုန်ပိုင်းကတည်းကဖြစ်သည်။ ဟင်းချက်ဆီအဖြစ် သုံးစွဲခြင်းအပြင် ကိုဗစ်ကာလတွင် လက်သန့်ဆေးရည်ထုတ်လုပ်ရန် oleochemical ကို စားအုန်းဆီမှ ထုတ်လုပ်ကြသောကြောင့် စားအုန်းဆီသုံးစွဲမှုများ မြင့်တက်ခဲ့သည်။ အင်ဒိုနီးရှားအစိုးရက မော်တော်ယာဉ်များအတွက် ဒီဇယ်ဆီတွင်လည်း စားအုန်းဆီရောနှော၍ ဘိုင်အိုဒီဇယ်အဖြစ်ဖြင့် မသုံးမနေရ သုံးစွဲစေသော အစိုးရမူဝါဒကြောင့်လည်း ပြည်တွင်းစားအုန်းဆီသုံးစွဲမှု မြင့်တက်သည်။

ကိုဗစ် delta မျိုးကွဲကူးစက်မှုများ အထွတ်အထိပ်ရောက်သည့် ၂၀၂၁ နှစ်လယ်ပိုင်းတွင် စားအုန်းဆီဈေးနှုန်းများ ကျဆင်းခဲ့သည်။ ထိုနောက်ပိုင်းတွင် ဆက်တိုက်ဈေးတက်ခဲ့ရာ ပြီးခဲ့သည့်လတွင် အမြင့်ဆုံးစံချိန်သစ်တင်ခဲ့သည်။ ကမ္ဘာ့စားအုန်းဆီဈေးနှုန်းအတွက် စံအမှတ်ဖြစ်သည့် မလေးရှားစားအုန်းဆီကြမ်း ကြိုင်ပွိုင့်ဈေးနှုန်းများသည် မေလတွင်ရယူမည့် စားအုန်းဆီကြမ်းအတွက် တစ်တန်လျှင် ရင်းဂစ် ၅,၆၇၅ (အမေရိကန်ဒေါ်လာ ၁,၃၅၆) ဖြစ်ခဲ့သည်။

**စားအုန်းဆီ လိုသလောက် ဝယ်မရ**

အင်ဒိုနီးရှားတွင် စားအုန်းဆီသန့်ကိုသာ ဟင်းချက်ဆီအဖြစ် အဓိကထားသုံးစွဲကြသည်။ ပြည်တွင်း စားအုန်းဆီသန့် လက်လီဈေးနှုန်းများ မြင့်တက်ခဲ့ပြီး လက်လီအရောင်းဆိုင်များတွင် လက်ကျန်မရှိ ပြတ်လပ်မှုများဖြစ်ပေါ်နေသည်။ အစိုးရမှ ထောက်ပံ့သောငွေဖြင့် ဈေးချပြီးရောင်းသော လက်လီဆိုင်များတွင် တန်းစီပြီး စားအုန်းဆီကို သတ်မှတ်ထားသည့် ခွဲတမ်းပမာဏကို ဝယ်ယူကြရသည်။ စူပါမားကက်များတွင် စားအုန်းဆီပြတ်လပ်နေသည်။ ကမ္ဘာ့ စားအုန်းဆီအများဆုံးထုတ်လုပ်သည့်နိုင်ငံဖြစ်ပြီး ကမ္ဘာ့စားအုန်းဆီ ပြည်ပတင်ပို့သည့် နိုင်ငံလည်းဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည်ပြည်တွင်းမှာ စားအုန်းဆီလိုသလောက် ဝယ်မရဖြစ်နေသည်။ ဟင်းချက်ဆီဈေးတက်ခြင်းကြောင့် ကုန်ဈေးနှုန်းမြင့်တက်ပြီး လပေါင်း ၂၀ အတွင်း ဖေဖော်ဝါရီလမှာ ငွေဖောင်းပွမှု အမြင့်မားဆုံး ဖြစ်ပေါ်စေခဲ့သည်။

**ဈေးကွက် ဝင်ရောက်စွက်ဖက်**

ဈေးနှုန်းများ ထိန်းနိုင်ရန် အစိုးရက ကုန်လှောင်သူများကို ဖော်ထုတ်အရေးယူသည်။ စားအုန်းဆီကြမ်း crude palm oil (CPO) တစ်ကီလိုကို အများဆုံး ရူပီယာ ၉,၃၀၀ ထက် မကျော်ရဟု အစိုးရက သတ်မှတ်ပြဋ္ဌာန်းပြီး ဈေးကွက်ထဲ ဝင်ရောက်စွက်ဖက်သည်။ ထို့ပြင် စားအုန်းဆီ ပြည်ပတင်ပို့သူများသည် ပြည်ပတင်ပို့ရန်အစီအစဉ်ရှိသည့် စားအုန်းဆီကြမ်း စုစုပေါင်းပမာဏ၏ ၂၀%ကို ပြည်တွင်းဈေးကွက်တွင် အစိုးရပြဋ္ဌာန်းထားသည့် ဈေးနှုန်းဖြင့် မရောင်းမနေရ ရောင်းချကြရသည်။ စားအုန်းဆီသန့်အတွက်လည်း အစိုးရက ထောက်ပံ့ကြေး စိုက်ထုတ်ကျခံပေးပြီး လက်လီရောင်းဈေး သတ်မှတ်ပေးထားသည်။

**ထုတ်လုပ်မှုလျော့ကျ သုံးစွဲမှုမြင့်တက်**

Gapki ဟု လူသိများသည့် အင်ဒိုနီးရှား စားအုန်းဆီအသင်း Indonesian Palm Oil Association မှ ထုတ်ပြန်သောအချက်အလက်များအရ ၂၀၂၁ တွင် စားအုန်းဆီကြမ်း တန်ချိန် ၄၆.၈၉ သန်း ထုတ်လုပ်သည်။ ၂၀၂၀ ထက် ၀.၃၁%လျော့နည်းသည်။ပြည်တွင်း သုံးစွဲမှုသည် ၆% တိုးခဲ့ပြီး တန်ချိန် ၁၈.၄ သန်းသုံးစွဲခဲ့သည်။ oleochemical ထုတ်လုပ်ရန် သုံးစွဲသည့် စားအုန်းဆီပမာဏ ၂၅% တိုးခဲ့သဖြင့် ပြည်တွင်းစားအုန်းဆီသုံးစွဲမှု မြင့်တက်စေခဲ့သည်။

**ပြည်ပတင်ပို့မှု မြင့်တက်**

ပြည်ပသို့ စားအုန်းဆီကြမ်း၊ ဆီအုန်းအစေ့အဆန်ဆီ၊ oleochemical အပါအဝင် စားအုန်းဆီထုတ်ကုန်များ တင်ပို့သည့်ပမာဏသည် ၂၀၂၀ ခုနှစ်ထက် ၆% မြင့်တက်ခဲ့ပြီး တန်ချိန် ၃၄.၂ သန်း တင်ပို့ခဲ့သည်။ တန်ဖိုးအရဆိုလျှင် ၅၂% မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃၅ ဘီလျံဖိုးရှိပါသည်။ စားအုန်းဆီသည် ကျောက်မီးသွေးနှင့်အတူ အင်ဒိုနီးရှား၏ ပဓာနကျသော ပို့ကုန်ဖြစ်သည်။ တရုတ်နှင့်အိန္ဒိယနိုင်ငံများသို့ အဓိကအားဖြင့်တင်ပို့သည်။ ပြီးလျှင် အာဖရိကဈေးကွက်များနှင့် ဥရောပဈေးကွက်များသည် အဓိကကျသည်။

**ဝယ်လိုအားနှင့် ထုတ်လုပ်မှု မမျှတ**

အင်ဒိုနီးရှားတွင် အကြီးမားဆုံး ကုမ္ပဏီစုကြီးဖြစ်သော Astra International ၏ လက်အောက်ခံလုပ်ငန်းခွဲ Astra Agro Lestari ၏ အကြီးအကဲ Santosa က ပြီးခဲ့သည့် ၂ နှစ်တာတွင် စားအုန်းဆီထုတ်လုပ်မှု ပိုများမလာသဖြင့် စားအုန်းဆီကြမ်း လိုအပ်ချက် ဆက်တိုက်မြင့်မားလာသည်ကို ပြည့်မီအောင်ဖြည့်တင်းပေးနိုင်ခဲ့ခြင်းမရှိဟု ပြောကြားသည်။ ဝယ်လိုအားကြောင့် ဈေးနှုန်းများ မြင့်တက်ကုန်သည်။ လာမည့်လများတွင် တဖြည်းဖြည်းချင်းပြန်ကျသွားနိုင်ဖွယ်ရှိသည်ဟု သူကခန့်မှန်းသည်။

**Source: asia.nikkei.com**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4295-conglomerate-salim-caught-up-in-indonesia-s-cooking-oil-crisis.html

## အိန္ဒိယနိုင်ငံ၌ ပဲတီစိမ်းတင်သွင်းမှုဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်

အိန္ဒိယနိုင်ငံ၌ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း HS Code 07133190 အောက်ရှိ ပဲတီစိမ်း (Moong Beans of the SPP Vigna Radiata (L.) Wilczek ) တင်သွင်းခွင့်အား လွတ်လပ်စွာ တင်သွင်းကုန်အဖြစ်မှ ကန့်သတ်တင်သွင်းခွင့်ပြုသည့် ကုန်စည်အဖြစ်သို့ မူဝါဒပြင်ဆင်သတ်မှတ်ကြောင်းနှင့် ကြေညာချက်ထုတ်ပြန်ချိန်မှ လက်ငင်းအကျိုးသက်ရောက်မှုရှိစေမည် ဖြစ်ကြောင်း ဖော်ပြပါရှိသည့်အမိန့်ကြော်ငြာစာအမှတ် S.O.624 (E) ကို ၁၁.၂.၂၀၂၂ နေ့တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးဌာန က ထုတ်ပြန်ခဲ့ပါသည်။

ထိုသို့ အမိန့်ထုတ်ပြန်ခဲ့မှုနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ၁၆.၂.၂၀၂၂ ရက်စွဲပါ စာအမှတ် Com-31/2/2022 (376) ဖြင့် အိန္ဒိယစားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့်ပြည်သူ့ဖြန့်ဖြူးမှုရေးရာဝန်ကြီးဌာနသို့ လိပ်မူ ပေးပို့သည့်မေတ္တာရပ်ခံစာအား အိန္ဒိယနိုင်ငံရှိသက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဤသံရုံးမှ ထပ်ဆင့်ပေးပို့ညှိနှိုင်းဆောင်ရွက်ခဲ့ပါ သည်။

ယခုအခါ အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ပြည်ပကုန်သွယ်ရေးညွှန်ကြားမှုဌာန (DGFT) သည် ၁၁.၂.၂၀၂၂ နေ့မတိုင်မီ စာချုပ်ချုပ်ဆိုထားရှိသော အိန္ဒိယသို့ ပဲတီစိမ်း တင်သွင်းမှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် ညွှန်ကြားချက်များကို ၂၈.၂.၂၀၂၂ ရက်နေ့တွင် ကုန်သွယ်ရေးအသိပေးချက်အမှတ် 37/2021-22 ဖြင့် လက်အောက်ဌာနများနှင့် အကောက်ခွန်ကော်မရှင်နာရုံးများသို့ ထုတ်ပြန်အကြောင်းကြားခဲ့ပါသည်။

အဆိုပါညွှန်ကြားစာတွင် အိန္ဒိယအစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် S.O. 624(E) ထုတ်ပြန်မှုအပေါ် ၁၁.၂.၂၀၂၂ နေ့မတိုင်မီ ပဲတီစိမ်းတင်သွင်းရန် စာချုပ်ချုပ်ဆိုထားရှိပြီး ကုန်ဖိုးငွေအပြေပေးချေပြီးမှု၊ တစ်ပိုင်းတစ်စပေးချေထားရှိမှုနှင့် စာချုပ် စာတမ်းများအရ ငွေပေးချေရန်ကျန်မှုများ ဖော်ပြပါရှိသည့် နယ်ပယ်အသီးသီးထံမှ တောင်းဆိုချက်များကို လက်ခံရရှိခဲ့ ကြောင်း၊ သို့ဖြစ်ရာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ပဲတီစိမ်းများအား တင်သွင်းရန်စာချုပ်ချုပ်ဆိုထားရှိမှုနှင့်စပ်လျဉ်း၍ DGFT သည် အောက်ပါစည်းကမ်းချက်များနှင့်အတူ တင်သွင်းခွင့်ပြုရန်ဖြေလျှော့ပေးလိုက်ကြောင်း ဖော်ပြထားပါသည်-

တင်သွင်းခွင့်ရရှိမည့် ပမာဏသည် ၁၁.၂.၂၀၂၂ နေ့မတိုင်မီ ကြိုတင်ပေးချေထားသည့် ကုန်စည်တန်ဖိုးနှင့် အချိုးကျ ညီညွတ်မှုရှိရမည်။ အကယ်၍ စာချုပ်ပါအရေအတွက်အတိုင်း ကုန်ဖိုးငွေအပြည့်အဝပေးချေပြီးပါက ၎င်းပမာဏအတိုင်း တင်သွင်းခွင့်ရမည်ဖြစ်သည်။ အကယ်၍တစ်ပိုင်းတစ်သာငွေပေးချေပြီးပါက ၎င်းကြိုတင်ငွေနှင့် အချိုးညီသည့် ကုန်စည်ပမာဏ ကိုသာ ခွင့်ပြုရန်ကန့်သတ်သည်။

စာရွက်စာတမ်း အထောက်အထားများ တင်သွင်းရာတွင် ငွေပေးချေထားကြောင်း သက်သေခံမည့် အရောင်းစာချုပ်၊ ကုန်အမှာစာ၊ ငွေလက်ခံရရှိသည့်ဘဏ်မှ ထုတ်ပေးသော SWIFT transaction စနစ်ဖြင့် ငွေပေးပြေစာနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများ ပါရှိရမည်။

ပဲတင်သွင်းရန်စာချုပ်များသည် အမိန့်ကြော်ငြာစာအမှတ် S.O.624(E) ထုတ်ပြန်သည့်နေ့မတိုင်မီ ချုပ်ဆိုထား ခြင်း ဖြစ်ရမည်။ ထို့အပြင်ငွေပေးချေမှုသည်လည်း ၁၁.၂.၂၀၂၂ နေ့မတိုင်မီ ဆောင်ရွက်ထားခြင်းဖြစ်ရမည်။ အချိုးကျတင်သွင်းမည့် ကုန်စည်ပမာဏသည် အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်မှုမတိုင်မီ အကျိုးသက်ရောက်မှုမရှိကြောင်း တင်သွင်းခွင့်

လျှောက်ထားသူက တာဝန်ယူရမည်။

ယခုကဲ့သို့ တင်သွင်းရန်ခွင့်ပြုချက်သည် ၂၀၂၁-၂၂ ဘဏ္ဍာနှစ်အတွင်း ၃၁.၃.၂၀၂၂ နေ့မတိုင်မီ သို့မဟုတ် ၎င်းနေ့ရက် နောက်ဆုံးထား၍ ထုတ်ပေးသောကုန်ပို့လွှာ (Bill of Lading) အတွက်သာဖြစ်ရမည်။ သက်တမ်းတိုးမြှင့်ပေးရန် မည်သည့် တောင်းဆိုမှုကိုမျှ လက်ခံစဉ်းစား မည်မဟုတ်ပါ။

အိန္ဒိယရှိ ပဲတီစိမ်းတင်သွင်းသည့် ကုန်သည်များအနေဖြင့် အထက်ဖော်ပြပါ အရောင်းအဝယ်စာချုပ်များအတွက် Delhi, Mumbai,Kolkata, Chennai, Bengaluru, Hyderabad, Ahmedabad နှင့် Ludhiana တို့ရှိ DGFT ဒေသဆိုင်ရာရုံးများတွင် ၁၅.၃.၂၀၂၂ နေ့ နောက်ဆုံးထား၍ မှတ်ပုံတင်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း၊ ၎င်းရုံးများအနေဖြင့် အချက်အလက်ပြည့်စုံသည့်အမှုတွဲအား လက်ခံရရှိချိန်မှ ၃ ရက်အတွင်း ခွင့်ပြုမိန့်ထုတ်ပေးနိုင်အောင် ဆောင်ရွက်ရန်ဖြစ်ကြောင်းသိရှိရပါသည်။

Source: **နေအေးလွင်၊ စီးပွားရေးသံမှူး (မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## တောင်ကိုရီးယားနိုင်ငံ၏ပျမ်းမျှလစဉ်လုပ်အားခသည် ကိုရီးယားဝမ်(၃.၂) သန်းအထိ မြင့်တက်လာကြောင်း စစ်တမ်းများမှသုံးသပ်ရရှိ



မနက်ခင်း အလုပ်သွားရန် ကားစောင့်နေကြသူအချို့ကိုတွေ့ရစဉ် (Photo: Yonhap)

Statistics Korea ၏ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စာရင်းများကို ပြန်လည်လေ့လာသုံးသပ်မှုအရ ၂၀၂၀ ပြည့်နှစ်တွင် တောင်ကိုရီးယားနိုင်ငံ၏ ပျမ်းမျှလစဉ်လုပ်အားခသည် ကိုရီးယားဝမ် (၃.၂)သန်း (ခန့်မှန်း အမေရိကန်ဒေါ်လာ ၂,၆၈၀) အထိမြင့်တက်လာကြောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် အကြားတွင် အနိမ့်ဆုံးလုပ်ခလစာနှုန်းများ ရုတ်ချည်းမြင့်တက်ခဲ့ခြင်းကြောင့် တောင်ကိုရီးယားဝန်ထမ်းများအတွက် ပျမ်းမျှလစဉ်လစာနှုန်း မြင့်တက်ခဲ့ခြင်း ဖြစ်သည်တွေ့ရှိရကြောင်း (၂၁-၂-၂၀၂၁) ရက်နေ့ကထုတ်ပြန်ကြေညာသော နိုင်ငံပိုင်စာရင်းအင်းသတင်းအချက်အလက်များအရ လေ့လာသိရှိရပါသည်။

Statistics Korea ၏အချက်အလက်များအရ ပျမ်းမျှတစ်လလျှင်လုပ်ခလစာသည် ၂၀၁၆ ခုနှစ်တွင် ဝမ် (၂.၇၇)သန်းရှိခဲ့ရာမှ လေးနှစ်အတွင်း ပျမ်းမျှတစ်လလုပ်ခ လစာဝမ် (၄၃၀,၀၀၀) (သို့မဟုတ်) (၁၅.၅) ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ ကာလများအတွင်း အနိမ့်ဆုံးလုပ်ခလစာနှုန်း(Minimum Wage)သည် တစ်နာရီလျှင် ဝမ် (၆,၀၃၀) မှ (၈,၅၉၀) ဝမ်သို့ (၄၂.၄) ရာခိုင်နှုန်းခန့် တိုးတက်လာသဖြင့် အလုပ်သမားတစ်ဦးသည် လစဉ်အလုပ်ချိန် ပုံမှန်အနေအထားရှိပါက လစဉ်အနိမ့်ဆုံးလုပ်ခသည် ဝမ်(၁.၂၆)သန်းမှ (၁.၇၉)သန်းအထိ တိုးတက်လာသည်ကိုတွေ့ရကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဝမ် (၁.၅) သန်းမှ (၂.၅) သန်းကြား လစာရရှိသူအလုပ်သမား (၂၇.၉) ရာခိုင်နှုန်း၊ ဝမ် (၂.၅) သန်းမှ (၃.၅) သန်းကြား လစာရရှိသူ အလုပ်သမား (၁၇.၁) ရာခိုင်နှုန်းရှိကြောင်း၊ ပုံမှန်အချိန်ပြည့် အလုပ်ချိန်မရှိသော ဝန်ထမ်းများအနေဖြင့် ဝမ် (၈၅၀,၀၀၀) အောက်လုပ်အားခရရှိသူ (၁၃.၉) ရာခိုင်နှုန်း၊ ဝမ် (၈၅၀,၀၀၀)မှ(၁.၅)သန်းကြားလုပ်အားခရရှိသူ (၁၀.၂) ရာခိုင်နှုန်းခန့်ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

မှတ်သားဖွယ်အနေဖြင့် မှတ်တမ်းပြုစုထားသော အလုပ်သမားများအားလုံး၏ (၂.၆) ရာခိုင်နှုန်းသည် တစ်လလျှင် ဝမ်(၁၀)သန်း (သို့မဟုတ်) ဝမ်(၈)သန်းမှ(၁၀)သန်းကြားတွင်ရရှိသူ (၂.၆) ရာခိုင်နှုန်းဖြစ်ကြောင်း၊ ဝမ် (၆.၅) သန်းနှင့် ဝမ်(၈)သန်းကြားတွင်ရရှိသူ (၄.၆) ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပျမ်းမျှလစဉ်လုပ်အားခ ဝမ်(၈)သန်းထက်ပိုမိုရရှိသူ လုပ်သားများ (၅)ရာခိုင်နှုန်းကျော်လာခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ လုပ်ငန်းစုကြီးများနှင့်အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လုပ်ကိုင်သူများအကြား လစာကွာဟချက်မှာ ဝမ် (၂.၇)သန်းဝန်းကျင်ခန့်ကွာဟမှုရှိကြောင်း လေ့လာသိရှိရပါသည်။

အလုပ်အမျိုးအစားအားဖြင့် ငွေရေးကြေးရေး၊ အာမခံလုပ်ငန်းကဏ္ဍများတွင် လုပ်ကိုင်သူများသည် လုပ်ခလစာမြင့်မားလေ့ရှိပြီး ပျမ်းမျှ ဝမ် (၆.၆) သန်းခန့်ရရှိနိုင်ကြောင်း၊ နိုင်ငံခြားငွေကြေးထောက်ပံ့သောကုမ္ပဏီ (သို့မဟုတ်) အဖွဲ့အစည်းများတွင် လုပ်ကိုင်သူများ၏ ပျမ်းမျှလစာ ဝမ် (၄.၇၈)သန်းခန့် ရရှိနိုင်ကြကြောင်း၊ အစားအသောက်ဝန်ဆောင်မှုများတွင် လုပ်ကိုင်သောဝန်ထမ်းများနှင့် စိုက်ပျိုးရေး၊ သစ်တော၊ ငါးလုပ်ငန်းများတွင်လုပ်ကိုင်သော အလုပ်သမားများအနေဖြင့် ဝမ် (၁.၆၃) သန်းဝန်းကျင်ခန့်ရရှိကြသဖြင့် ၎င်းတို့အကြား ကိန်းဂဏန်းအတန်သင့် ကွာခြားမှုမြင့်မားလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ပြင် အမျိုးသားများအတွက်ပေးချေမှုပမာဏသည် အမျိုးသမီးများအတွက် ပေးချေမှုပမာဏထက်များပြားလေ့ရှိပြီး၊ ဝမ် (၃.၇၁) သန်းနှင့် ဝမ် (၂.၄၇) သန်း အသီးသီးဖြစ်သော်လည်း ကွာဟချက်ကျဉ်းမြောင်းလာသည်ကိုတွေ့ရှိရကြောင်း၊ အမျိုးသမီးနှင့်အမျိုးသားများအတွက် လုပ်အားခအချိုးသည် ၂၀၁၆ ခုနှစ်တွင် (၆၃.၁) ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်တွင် (၆၆.၆) ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ၂၀၁၉ ခုနှစ်တွင် (၃.၁) ရာခိုင်နှုန်းမှ ၂၀၂၀ ပြည့်နှစ်တွင် (၄.၇) ရာခိုင်နှုန်းသို့ မြင့်တက်လာခဲ့ကြောင်း၊ အသက်အရွယ်အလိုက်တွင်မူ အသက် (၄၀)နှစ်အရွယ်ဝန်ထမ်းများသည် ဝမ် (၃.၉၃)သန်း၊ အသက် (၅၀)နှစ်ဝန်းကျင်သည် ဝမ် (၃.၇၁) သန်း၊ အသက် (၃၀)နှစ်ဝန်းကျင်သည် ဝမ် (၃.၄၄) သန်း၊ အသက် (၂၀)နှစ် ဝန်းကျင်သည် ဝမ် (၂.၂၉) သန်းနှင့် အသက် (၆၀) နှစ်ကျော်သူများသည် ဝမ် (၂.၁၇) သန်းအသီးသီးရရှိကြကြောင်း၊ သို့ရာတွင် ၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုသည် အသက်(၆၀)နှစ်ကျော်သူ ဝန်ထမ်းများ၏ လုပ်အားခရရှိမှုတွင် (၄.၈) ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်း၊ အမျိုးသားအလုပ်သမားများသည် အသက်(၄၀)နှစ်ဝန်းကျင်တွင် ပျမ်းမျှလစာ ဝမ်(၄.၅၄)သန်း ဖြင့်အမြင့်ဆုံးဖြစ်ပြီး၊ အမျိုးသမီးအလုပ်သမားများသည် အသက် (၃၀)နှစ်နှစ်ဝန်းကျင်တွင် ဝမ်(၃.၀၄) သန်းဖြင့် အများဆုံးဖြစ်ကြောင်း၊ သို့ဖြစ်၍ စာရင်းအင်း အချက်အလက်အားလုံးကိုခြုံငုံ၍ လေ့လာသုံးသပ်ပါက ပျမ်းမျှလုပ်အားခသည် ၂၀၁၆ ခုနှစ်တွင် ဝမ် (၂.၀၃) သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ဝမ် (၂.၄၂)သန်းအထိ မြင့်တက်လာခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ပါ၍ တောင်ကိုရီးယားနိုင်ငံ၏ ပျမ်းမျှလစဉ်လုပ်အားခသည် ကိုရီးယားဝမ် (၃.၂)သန်းအထိ မြင့်တက်လာကြောင်း စစ်တမ်းများမှ သုံးသပ်ရရှိမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြလိုက်ရပါသည်။

Source: The Korea Herald (22-2-2022)

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဘရာဇီးလ်နိုင်ငံ၏ ဝက်သားနှင့်ကြက်သားတင်ပို့မှုအပေါ် ရိုက်ခတ်မှုများဖြစ်ပေါ်



ပြောင်းစေ့ဈေးနှုန်းများ သိသာစွာမြင့်တက်လာမှုနှင့်အတူ ရုရှား-ယူကရိန်းစစ်ပွဲ၏ ရိုက်ခတ်မှုကြောင့် ရုရှားနိုင်ငံသို့ ကြက်နှင့်ဝက်အသားများ ထုတ်လုပ်တင်ပို့နေမှုအပေါ် ဘရာဇီးလ်ပို့ကုန်လုပ်ငန်းရှင်များက စိုးရိမ်ပူပန်မှုများ မြင့်တက်လျက်ရှိနေကြောင်း သတင်းတွင်ဖော်ပြထားသည်။

၂၀၂၁ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံမှ ရုရှားနိုင်ငံသို့ ဝက်သားတန်ချိန် ၉၀၀၀ တန်အားတင်ပို့ခဲ့ပြီး ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄ သန်း ရရှိခဲ့ကြောင်း၊ ၎င်းပမာဏသည် ၂၀၂၁ ခုနှစ်တွင် တင်ပို့ခဲ့သည့် ဝက်သားတင်ပို့မှု၏ ၀.၈ ရာခိုင်နှုန်းရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် ရုရှားနိုင်ငံသို့ ကြက်သားတန်ချိန် ၁၀၆,၀၀၀ တန်တင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၁၆၇ သန်းရရှိခဲ့ကြောင်း၊ ၎င်းပမာဏသည် ဘရာဇီးလ်နိုင်ငံ၏ ကြက်သားတင်ပို့မှု၏ ၂.၈ ရာခိုင်နှုန်းရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

ရုရှား-ယူကရိန်းအရေးအခင်းသည် ဘရာဇီးလ်နိုင်ငံ၏ကြက်သားတင်ပို့မှုအပေါ် အကန့်အသတ်ဖြင့်ထိခိုက်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့ရာတွင် အခြားဈေးကွက်များသို့တိုးချဲ့တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်း၊ အစာကုန်ကြမ်းဈေးနှုန်း များမြင့်တက်မှုကြောင့် တိရစ္ဆာန်မွေးမြူရေးစရိတ်များ မြင့်တက်လျက်ရှိပြီး အသားထုတ်လုပ်မှုတွင် ဈေးနှုန်းများမြင့်တက်လျက်ရှိကြောင်း ဘရာဇီးလ်နိုင်ငံ အသားထုတ်လုပ်သူများအသင်း (Brazilian Association of Animal Protein - ABPA)၏ ဥက္ကဋ္ဌ Ricardo Santin ကပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံသည် ပြည်တွင်းစားသုံးမှုနှင့်မွေးမြူရေးလုပ်ငန်းအတွက် ပြောင်းစေ့၊ ပဲပုပ် စေ့ထွက်ကုန်နှင့် ဂျုံလိုအပ်ချက်များမြင့်မားစွာရှိနေကြောင်း၊ ကုန်ကြမ်းဈေးနှုန်းများမြင့်တက်မှု၏ အကျိုးဆက်အနေဖြင့် ပြည်တွင်း supermarket အရောင်းဆိုင်များတွင် ကြက်သား၊ ဝက်သားနှင့် ကြက်ဥဈေးနှုန်းများ နေ့စဉ်မြင့်တက်လျက်ရှိနေကြောင်း၊ ရုရှား-ယူကရိန်းပဋိပက္ခအခြေအနေ ပိုမိုဆိုးရွားလာသည့်အတွက် ရုရှားနိုင်ငံသို့တင်ပို့မှုများအပေါ်တွင် ထိခိုက်နိုင်မည်ဖြစ်ကြောင်း၊ သို့ရာတွင် ပုံမှန်ပို့ကုန်ဈေးကွက်သို့

ရောက်ရှိနိုင်ရန် နည်းလမ်းများရှာဖွေတင်ပို့သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ဘရာဇီးလ်နိုင်ငံမှ ရုရှားနိုင်ငံသို့တင်ပို့ထားသောပို့ကုန်များအား သက်ဆိုင်ရာနိုင်ငံသို့ ကောင်းမွန်စွာရောက်ရှိနိုင်ရန်မျှော်မှန်းထားကြောင်း၊ ကုန်စည်တင်ပို့မှုတွင် အဓိကအခက်အခဲမှာ သင်္ဘောရရှိမှုအခက်အခဲနှင့် ကုန်သွယ်မှုလမ်းကြောင်း အတားအဆီးများဖြစ်ကြောင်း၊ လတ်တလောအခြေအနေတွင် စစ်ဖြစ်ပွားနေသည့်ဧရိယာသို့ သွားရောက်မည့်သင်္ဘောလိုင်းများမရှိတော့ကြောင်း၊ ထို့ကြောင့် အသားထုတ်လုပ်သည့်လုပ်ငန်းရှင်များအသင်းအနေဖြင့် စစ်ဇုန်ကိုရှောင်ကွင်း၍သယ်ယူပို့ဆောင်နိုင်မည့် ပင်လယ်ရေကြောင်းလမ်းကြောင်းများမှ ပြောင်းလဲသယ်ယူပို့ဆောင်နိုင်ရေး သက်ဆိုင်ရာနိုင်ငံတကာသင်္ဘောကုမ္ပဏီများနှင့် ဆွေးနွေးလျက်ရှိကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source: – canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## STOCK EXCHANGE (1.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 1st Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +200 | +2.53% | 7,900 | 8,100 | 7,900 | 1,431 | 11,580,700 | 33,109,694 | 268,189 |
| MTSH | 00002 | 2,950 | +50 | +1.72% | 3,000 | 3,000 | 2,950 | 4,706 | 14,068,000 | 38,929,150 | 114,841 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 70 | 1,330,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,650 | 2,650 | 2,600 | 167 | 434,250 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 20 | 56,000 | 19,977,223 | 55,936 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 35 | 175,000 | 10,497,598 | 52,488 |


### Market summary

As of 1st Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.31 | +5.53 | +1.50% | 372.38 | 375.82 | 372.02 | 6,429 | 27,643,950 | 7 | 652,891 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 1st Mar. 2022

| MYANPIX | 375.31 ▲ 5.53 |
|---|---|
| Total Volume (shares) | 6,429 |
| Total Value (MMK) | 28 mil |
| Listed Company | 7 |
| Market Cap. (MMK) | 652,891 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 200 |
| MTSH | 00002 | 2,950 | ▲ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |

TIR